## မဂ္ဂင်ကျောင်းတိုက် အပိတ်ခံရခြင်းအပေါ် သာသနာ့ဥသျှောင်အဖွဲ့ ကြေညာချက်ထုတ်ပြန် ရှုတ်ချ

၁ ဒီဇင်ဘာ ၂၀၀၇

ရန်ကုန် သင်္ဃန်းကျွန်းမြို့နယ်က မဂ္ဂင်ကျောင်းတိုက် ချိတ်ပိတ်ခံရတဲ့အပေါ် ပြည်ပမှာရှိတဲ့ သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်ကလည်း စစ်အစိုးရရဲ့ ဒီလုပ်ရပ်အပေါ် ပြစ်တင်ရှုတ်ချပါတယ်။ တခြား ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေကလည်း ဒီ အဖြစ်အပျက်ကြောင့် သူတို့အနေနဲ့ ဝမ်းနည်း တုန်လှုပ်မိတယ်လို့ ဗီအိုအေကို ပြောပြကြပါတယ်။ ဒီတုံ့ပြန်ချက်တွေကို စုစည်းပြီး ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

ဒီတုံ့ပြန်ချက်တွေကို မပြောခင် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်က ထုတ်ပြန်တဲ့သဘောထားကြေညာချက်နဲ့ပတ်သက်ပြီး အရင်တင်ပြလိုပါတယ်။ သင်္ဃန်းကျွန်းမြို့နယ်က မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်လိုက်ပြီး ကျောင်းနေ သက်တော် ၈၀ ကျော်အရွယ် ဆရာတော်ကြီးရယ်၊ အရွယ်မရောက်သေးတဲ့ သာမဏေငယ်တွေရယ်၊ အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ် ဝေဒနာရှင်တွေကို စစ်အာဏာရှင်တွေက နှင်ထုတ်လိုက်တဲ့အတွက် ဝမ်းနည်းပါတယ်လို့ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်ကနေပြီးတော့ သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ပါတယ်။

မဂ္ဂင်ကျောင်းတိုက်ဟာ မြန်မာနိုင်ငံထဲက ခိုကိုးရာမဲ့၊ စောင့်ရှောက်သူမဲ့ အပယ်ခံတွေဖြစ်ကြတဲ့ အိပ်ချ်အိုင်ဗီ ဝေဒနာရှင်တွေကို မေတ္တာဂရုဏာကြီးမားစွာနဲ့ စောင့်ရှောက်ပေးနေတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ဒီလို လူသား ကောင်းကျိုးအတွက် ဆောင်ရွက်နေတဲ့ ဘုန်းတော်ကြီးကျောင်းမျိုးကို အငြိုးကြီးစွာနဲ့ပိတ်တာဟာ လူသားအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရမယ့် လူ့ကျင့်ဝတ်ကို ချိုးဖောက်ရာရောက်တဲ့ လူမဆန်တဲ့လုပ်ရပ်ဖြစ်တယ်လို့လည်း ဖော်ပြထားပါတယ်။ သာသနာနဲ့စပ်ဆက်တဲ့ ဘုရားကျောင်းကန်တွေကို အများပြည်သူတွေ ဝင်ထွက်သွားလာပြီး ကုသိုလ်လုပ်ငန်းတွေလုပ်လို့မရအောင် တားဆီးပိတ်ပင်နေတာ၊ ဘုန်းတော်ကြီးကျောင်းတွေကို အတင်းအဓမ္မ သိမ်းဆည်းတာတွေဟာ လောကဓမ္မဥပဒေတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာလို့လည်း ဖော်ပြထားပါတယ်။ ဒီလို မဂ္ဂင်ကျောင်းတိုက်ကို ချိတ်ပိတ်လိုက်တာဟာ မတရားတဲ့လုပ်ရပ်ဖြစ်ပြီး ပြည်ပရောက် သံဃာတော်တွေအနေနဲ့ ပြင်းပြင်းထန်ထန် ရှုတ်ချတဲ့အပြင် မဂ္ဂင်ကျောင်းတိုက်ကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီးတော့ ကျောင်းနေ သက်တော် ၈၀ ကျော် ဆရာတော်ကြီးအပါအဝင် အရွယ်မရောက်သေးတဲ့ ရှင်သာမဏေတွေနဲ့ အိပ်ချ်အိုင်ဗီ ဝေဒနာရှင်တွေကို မူလအတိုင်း ပြန်ပြီးနေထိုင်ခွင့်ပြုဖို့လည်း လေးလေးနက်နက် တောင်းဆိုထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး သာသနာ့ဥသျှောင်အဖွဲ့ရဲ့ နာယက ဆရာတော်ကြီး မစိုးရိမ်ဆရာတော်ကြီး ဦးကောဝိဒက အခုလို မိန့်ကြားပါတယ်။

> "မြန်မာပြည်က သံဃာတော်တွေကို ပြောချင်တာကတော့ သံဃာတွေ အခုတော့ စစ်တပ်ကတော့ ကျောင်းတိုက်တွေကို ချိတ်ပိတ်နေပြီ။ မဂ္ဂင်ကျောင်းလည်း ပိတ်နေပြီ။ မကြာခင် ငွေကြာယံလည်း ပိတ်လိမ့်အုံးမယ်။ ဒို့ပြင်ကျောင်းတွေလည်း လျှောက်ပိတ်အုံးမှာပဲ။ အဲဒီတော့ သံဃာတွေကတော့ ညီညွတ်ဖို့လိုတယ်။ သံဃာတွေ ညီညွတ်ဖို့လိုတယ်။ ပေါင်းစည်းဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ကူညီဖို့လိုတယ်။ ဒီအတိုင်း ကြည့်နေလို့မရဘူးလို့ သံဃာတွေကို ဘုန်းကြီးက သံဃာဥသျှောင်အနေနဲ့ သံဃာတွေကို ပန်ကြားပါတယ်။"

မစိုးရိမ်ဆရာတော်ကြီးက မိန့်ကြားသွားတာပါ။ အခုလို ဗုဒ္ဓဘာသာကျောင်းတော်တွေကို ချိတ်ပိတ်တာနဲ့ ပတ်သက်ပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ဦးဖြစ်တဲ့ ဆရာကြီး ဦးဝင်းဖေကတော့ အခုလို ပြောပါတယ်။

> "မဂ္ဂင်ကျောင်းကို ရှာဖို့ဖွေလို့ လိုချင်တဲ့သူတွေ ဖမ်းလို့ဆီးလို့ ဆိုတဲ့ကိစ္စတွေကလည်း ပြီးသွားပါပြီ။ အခု သိရတာက ကျန်တဲ့ဟာက ဒီ 'ဘ' ဘုန်းကြီးဆိုတာလည်း အသက် ၈၀ ကျော်ဖြစ်နေပြီ။ အဲဒီဟာကို ထပ်ပြီးတော့ ကျောင်းပေါ်ကနေ နှင်ထုတ်တယ်ဘာတယ်ဆိုတာက ကျနော်တို့ ဘေးကနေ ဘာမှကို နားလည်လို့မရတော့တဲ့ အခြေအနေ၊ ကျနော်တို့က ခံစားရတယ်။ ကျနော်တို့က ဘေးက ဗုဒ္ဓဘာသာ၊ အသက်အရွယ် ၇၀ ကျော်နေပြီဖြစ်တဲ့ ဗုဒ္ဓဘာသာများအနေနဲ့ကတော့ ဒါကတော့ သက်သက်ကို

လွန်လွန်ကျူးကျူး မတရားသဖြင့်တွေတော့ ဖြစ်လာပြီလို့ ဒီလို ရိုးရိုးစင်းစင်းကြီးပဲ နားလည်ခံစားရတော့ တာပဲဗျာ။"

ဗုဒ္ဓဘာသာဝင်တွေတင် မဟုတ်ပါဘူး။ ခရစ်ယာန်ဘာသာဝင်ဖြစ်တဲ့ ဆရာကြီး ဆလိုင်းထွန်းသန်းရဲ့ အမြင်ကရော ဘယ်လိုရှိပါသလဲလို့ မေးကြည့်ပါတယ်။ –

"အတော်ကို မလုပ်အပ်တဲ့ကိစ္စပဲ။ ကိုယ် ကိုးကွယ်တဲ့ဘာသာကို ကိုကပြန်ပြီးတော့ အနှောင့်အယှက် ပေးတယ်ဆိုတော့ ကျနော်တို့တော့ သိပ်ကို မစဉ်းစားတတ်တော့ဘူး။ ဘယ်လို အတွေးအခေါ်မျိုး ရှိမှန်းတောင်မသိတော့ဘူး။ လူဆိုတာက ကိုယ်ကိုးကွယ်တဲ့ဘာသာကို ကိုယ်က အထွဋ်အမြတ်ထားတာပဲ။ ဘုန်းကြီး အငယ်လေးတွေဆို ထားပါအုံး။ အခုဟာက အသက် ၈၀ ကျော်ကြီးတွေဆိုတော့ သူတို့စိတ်ထဲမှာ သူတို့ ဘာကိုစဉ်းစားတယ်ဆိုတာ ကျနော် မသိဘူး။ သူတို့ အဲဒါကို မလုပ်သင့်ဘူးဆိုတာတော့ ကျနော် ပြောချင်တယ်ဗျာ။ လုပ်လည်းမလုပ်ရဘူး၊ လုပ်လည်း မလုပ်သင့်ဘူး။ သူတို့လုပ်တဲ့အတွက်ကြောင့် ကျနော်တို့က ကောင်းကျိုးဘာမှ မမြင်ဘူး။ ကိုယ် ကိုးကွယ်တဲ့ဘာသာကို ကိုယ်က ပြန်ပြီးတော့မှ ဖျက်ဆီးတယ်ဆိုတဲ့သဘောမျိုး သားရေပေါ်အိပ်၊ သားရေနားစား တင်မကဘူး။ အခုဟာက ကိုယ့်ကို အကာအကွယ်ပေးတဲ့ဥစ္စာကို၊ ကိုယ့်ကို လောကီလောကုတ္တရာ နှစ်ဖြာစလုံးကို တကယ့်စောင့်ရှောက်နေတဲ့ဘာသာကို ကိုယ်ကလည်း ကိုးကွယ်နေတဲ့ ဘာသာကို အနှောင့်အယှက်ပေးတယ်ဆိုတော့ ကျနော် ထင်တယ်၊ ဘယ်လိုများ ကံကြီးထိုက်မလဲဆိုတာ မသိတော့ဘူး။ ပြောစရာကို မကြံတော့ဘူး။ သံဃာတွေကိုလည်းပဲ အနည်းဆုံး ကိုယ်ကိုးကွယ်တာကိုပဲ၊ သနားပါ။ နောက်ပြီးတော့ သူတစ်ပါးရဲ့နေထိုင်တဲ့နေရာကို ၄က်တောင်မှပဲ အသိုက်ကို ကျနော်တို့က မဖျက်အပ်ဘူး။ အခုဟာက ဘုန်းတော်ကြီးဆိုလို့ရှိရင် ဘာကြောင့်သွားပြီးတော့ ဖျက်ရမလဲဗျာ။ ဖျက်ဖို့ ဘယ်လိုမှ ကျနော်တော့ မမြင်ဘူး။ ကျနော် ထင်တယ်။ အမိန့်ပေးတဲ့သူကလည်း ပေးတယ်၊ ဖျက်တဲ့သူကလည်း ဖျက်ရက်တယ်။ ဒီလိုလူစားတွေရှိတော့ တိုင်းပြည် ဘယ်လိုများနေမလဲတော့ ကျနော်တို့ မြန်မာပြည်ကတော့ ရှင်းရှင်းပြောရလို့ရှိရင် ကမ္ဘာပေါ်မှာ ကျနော်တို့ မျက်နှာကထားစရာကို မရှိတော့ဘူး။ သူတို့လုပ်ပုံနဲ့ ကျနော်တို့ မြန်မာတွေ စိတ် သိပ်ညစ်နေရတယ်။"

ခရစ်ယာန်ဘာသာဝင်ဖြစ်တဲ့ ဆရာကြီး ဆလိုင်း ထွန်းသန်းက ပြောသွားတာပါ။